တတိယအကြိမ်သာမာန်တနင်္ဂနွေနေ့ ဇန်နဝါရီ ၂၁ ၂၀၂၄

ယောန ၃း၁–၅၊ ၁၀။ ၁ ကောရိန်သု ၇း၂၉–၃၁၊ မာကု ၁း ၁၄–၂၀

ပြီးခဲ့တဲ့အပတ်က တပည့်တော်နှစ်ပါးကို ခေါ်တော်မူတဲ့အကြောင်း နဲ့ ဘုရားရဲ့ခေါ်ခြင်းနဲ့ပတ်သက်တဲ့သဘောသဘာဝ နဲ့ ကျွန်ုပ်တို့တဦးစီကို ဘုရားကဘယ်လိုခေါ်တဲ့အကြောင်းကို ထောက်ရှုခဲ့ကြပါတယ်။ ဒီကနေ့မှာ တဖန် တပည့်တော်ကြီးများကို ခရစ်တော်ခေါ်တဲ့အကြောင်းနဲ့ ခရစ်တော်ရဲ့ခေါ်ခြင်းကို သူတို့ဘယ်လိုတုန့်ပြန်ခဲ့ကြသလဲဆိုတာကို ထောက်ရှုတဲ့အပတ်စဉ်ဖြစ်ပါတယ်။ ဒီကနေ့ဧဝံဂေလိကျမ်းက အပိုင်းနှစ်ပိုင်းနဲ့ ကျွန်ုပ်တို့ထောက်ရှုကြပါစို့။

၁–ခေါ်တော်မူခြင်းနဲ့ စိန်ခေါ်မှုများနဲ့

၂–ခေါ်တော်မူခြင်းကို ပြန်လည်တုန့်ပြန်ခြင်း စသည်တို့ဖြစ်ပါတယ်။

ဒီကနေ့ဧဝံဂေလိကျမ်းရဲ့အဖြစ်အပျက်က ဂျော်ဒန်မြစ်မှာ ခရစ်တော် ဆေးကြောခြင်းမင်္ဂလာကို ခံယူပြီးလျှင်ပြီးချင်းဘဲ အဖဘုရားသခင်ဆီက ခွင့်ပြုခြင်း သို့မဟုတ် ထောက်ခံခြင်းကိုရရှိတာရယ်၊
ကိုယ်တော်ဟာသန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝခြင်း စတာတွေဖြစ်တဲ့အချိန်မှာ ဖြစ်ပါတယ်။ မကြာတော့တဲ့အချိန်မှာဘဲ ယောဟန်ဟာ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပ်နှံခြင်းခံရပါတယ်။ နောက်ပိုင်းမှာ ခရစ်တော်ဟာ ထိုကဲ့သို့ ဖမ်းဆီးချုပ်နှောင်ခြင်း အပ်နှံခြင်းကို ခံရမှာဖြစ်ပါတယ်။ ဒီအချက်ကို မဿဲတရားတော်တိုင်းမှာ ကျွန်ုပ်တို့ကို သတိရစေပါတယ်။ ရဟန်းက– သင်တို့အတို့အပ်နှံခံရမည့် ငါ၏ခန္ဓာကိုယ်ဖြစ်၏ လို့ဆိုပါတယ်။

ဘုရားရှင်ဟာ ဂါလီလေအာပြည်မှာ သူ့ရဲ့ဒေသနာတော်ဟောကြားခြင်းအမှုကို စတင်ပါတယ်။ (အချိန်အခါဟာ ပြည့်စုံပြီး ဘုရားရဲ့နိုင်ငံတော်သည် နီးကပ်လာပြီး၊ နောင်တရ၍ဧဝံဂေလိတရားတော်ကို ယုံကြည်ကြလော့) လို့မြွက်ဆိုခဲ့ပါတယ်။

မျှော်လင့်ထားတဲ့အချိန်ဟာ ရောက်ရှိလာခဲ့ပါပြီ။ ဆိုလိုတာက– ကယ်တင်ရှင် မက်ဆီးယားသခင် ရောက်ရှိလာခဲ့ပါပြီ။ အဲဒါကြောင့်ဘုရားရဲ့နိုင်ငံတော် ဘုရားရဲ့အုပ်စိုးခြင်းလဲဘဲ နီးကပ်လာပြီ ဖြစ်ပါတယ်။

ဘုရားရဲ့နိုင်ငံတော်ဆိုတာ နေရာဒေသကိုဆိုလိုတာမဟုတ်ပါဘူး။ ပေါင်းသင်းဆက်နွယ်ခြင်းနဲ့ဆိုင်တဲ့ ကွန်ယက် (A web of Relationship) ဖြစ်ပါတယ်။ ဘုရားရဲ့နိုင်ငံတော်ထဲမှာပါဝင်တဲ့သူတွေဟာ ကျွန်ုပ်တို့ကို ကိုယ်တော်ပေးတဲ့ ကိုယ်တော်ရဲ့ဘဝအသက်တာမှာရှိတဲ့အမြင်ကိုလက်ခံပြီး အဲဒီအမြင်အပေါ်မှာ အခြေခံပြီး အသက်ရှင်နေထိုင်ကြတဲ့သူတွေကို ဆိုလိုပါတယ်။ သူတို့ဟာ ဘယ်သူတွေလဲ၊ သူတို့တွေဟာ ဘယ်မှာနေကြပါသလဲဆိုတာ ကိစ္စမရှိပါဘူး။ ဘုရားရဲ့နိုင်ငံတော်ဟာ ယခုနဲ့ဒီနေရာမှာ ရှိရမှာဖြစ်ပါတယ်။ သာသနာတော်ကြီးထက် အသင်းတော်ကြီးထက် ဘုရားရဲ့နိုင်ငံတော်ဟာ ပိုပြီးကြီးမားကျယ်ပြန့်ပါတယ်။ သာသနာတော်ကြီးဟာ ဘုရားရဲ့နိုင်ငံတော် ကျွန်ုပ်တို့အထဲမှာရှိကြောင်း အမှတ်လက္ခဏာ ဖြစ်ပါတယ်။

ကောင်းကင်နိုင်ငံတော်ကို ကျွန်ုပ်တို့ဘယ်လိုဝင်ရောက်နိုင်မှာလဲ။

နောင်တရ၍ဧဝံဂေလိတရားတော်ကို ယုံကြည်လော့။ လို့ဆိုထားပါတယ်။

ပထမကျမ်းဖြစ်တဲ့ ယောန ကျမ်းမှာ မငုံမရဲတဲ့ပရောဖက်ကြီးဟာ နောင်တနဲ့ဆိုင်တဲ့အကြောင်းတွေကို နိနဝေးမြို့ကြီးမှာ ဟောပြောခဲ့ပါတယ်။ သူ့ရဲ့မျှော်လင့်ထားတာနဲ့မတူဘဲ ဘာသာပတွေက ဘုရားကိုယုံကြည်လာခဲ့ကြပြီး မိမိတို့အပြစ်များအတွက် နောင်တရခံကြပါတယ်။ ပြောင်းလဲလာခဲ့ကြပါတယ်။ ဘဝမှာ ဦးစားပေးရမဲ့အရာတွေကို သိမြင်လာခဲ့ကြပါတယ်။ ဟောင်းနွမ်းမှားယွင်းသောအရာမှ ပြောင်းတာထက် မှန်သောအရာဆီသို့ ပြောင်းလဲသွားခဲ့ကြပါတယ်။

ဒါဟာ ဧဝံဂေလိတရားတော်ကို ယုံကြည်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားကိုယ်တော်သို့မဟုတ် သာသနာတော်ကြီး သင်ကြားတဲ့အရာတွေကို ယုံကြည်လက်ခံရုံသက်သက်မဟုတ်ရပါဘူး။ ဟိုအခြေအနေကြောင့်

ဒီအကြောင်းကြောင့် ဆိုပြီး ချွင်းချက်တွေဘာတွေ မပါဘဲ ကတိကဝတ်နဲ့ မိမိကိုယ်မိမိ သခင်ဘုရားကို လုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်းမျိုး ဖြစ်ရမှာ ဖြစ်ပါတယ်။

ဧဝံဂေလိကျမ်းရဲ့ဒုတိယအပိုင်းကတော့ တံငါသည်လေးဦးကို ခေါ်တော်မူခြင်း ဖြစ်ပါတယ်။ (ငါ့နောက်သို့လိုက်လော့၊ ငါသည်သင်တို့အား လူကိုဖမ်းသောတံငါဖြစ်စေမည်)။

ချက်ခြင်းဘဲပေတရုနဲ့ အန်ဒြူးတို့က မိမိတို့ပိုက်ကွန် တနည်းအားဖြင့် သူတို့ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို ချန်ထားပြီး သခင်ဘုရားရဲ့နောက်ကို လိုက်ခဲ့ကြပါတယ်။ ယာကုတ်နဲ့ယောဟန်တို့လည်းဘဲ မိမိတို့ရဲ့အဖနဲ့ လူငှားတွေကို ချန်ထားပြီး ကိုယ်တော်ရဲ့နောက်ကို လိုက်ခဲ့ကြတယ်ဆိုပြီး တွေ့ရပါတယ်။

ဒါဟာ လုံးလုံးလျားလျားကို ယုံကြည်ကိုးစားတဲ့ အပြုအမူဖြစ်ပါတယ်။ မိမိတို့ကိုယ်ကိုမိမိ လုံးဝဆက်အပ်နှံခြင်း ဖြစ်ပါတယ်။ ဘယ်ဆီကိုလဲ။ တကယ်တော့ ဘယ်ဆီကို သူတို့တွေဦးစီးခေါ်ဆောင်သွားခြင်းခံရမလဲဆိုတာ သူတို့မသိကြပါဘူး။ အနာဂတ်မှာ ဘာဖြစ်လာမလဲဆိုတာ မသိကြပါဘူး။ ဒါဟာကြီးမားသော သခင်ဘုရားအပေါ် ယုံကြည်ကိုးစားခြင်းဖြစ်ပါတယ်။ သခင်ဘုရားကလည်း သူတို့ရဲ့ဘဝလုံခြုံမှုတွေကို ချန်ထားစေခဲ့ပြီး သူ့နောက်ကို အကြွင်းမဲ့လိုက်လျှောက်ဘို့ ဖိတ်ခေါ်ခဲ့ပါတယ်။ တချို့လဲပျော်ရွှင်စရာကောင်းမယ်။ တချို့လဲဝမ်းနဲစရာကောင်းတဲ့ နာကျင်စရာကောင်းတဲ့ မျှော်လင့်မထားတဲ့ အတွေ့အကြုံတွေကို သူတို့တွေဖြတ်သန်းခဲ့ရပါတယ်။

လူကိုဖမ်းသောတံငါဖြစ်စေမယ်။ ဆိုလိုတာက–လူတွေကို အမှန်တရားပေါ်မှာ၊ ချစ်ခြင်းမေတ္တာပေါ်မှာ၊ လွတ်လပ်ခြင်းအပေါ်မှာ၊ တရားမျှတခြင်းအပေါ်မှာ အသက်ရှင်တဲ့ အသစ်သောဘဝအသက်တာကို ပို့ဆောင်ရမဲ့တာဝန်ကို လုပ်ဆောင်ရမဲ့လူတွေဖြစ်လာကြရမှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့တဦးစီလဲ ထိုကဲ့သို့သောခေါ်တော်မူခြင်းကို ခံရလျက်ရှိပါတယ်။ ကျွန်ုပ်ဘယ်ကဲ့သို့ပြန်ဖြေမှာလဲ။ လိုက်မှာလား။ ကျွန်ုပ်ရဲ့ပိုက်ကွန်တွေဟာ ဘာတွေလဲ။

အဲဒီခေါ်တော်မူခြင်းဟာ ကျွန်ုပ်ရဲ့လွပ်လပ်မှုကို အတားအဆီးဖြစ်စေပါသလား။
ဘာတွေက သခင်ဘုရားရဲ့နောက်တော်ကိုလိုက်ဘို့အတွက်
အတားအဆီးဖြစ်စေပါသလဲ။ ဘာစိုးရိမ်ကြောင့်ကြမှုတွေရှိနေပါသလဲ။

ဒီကနေ့ ဒုတိယကျမ်းမှာ ကောရိန်သုမြို့သားတွေကို သံပေါလူးက လွပ်လပ်စွာနဲ့
မည်သည့်အရာမှ ချည်နှောင်ခြင်းမရှိတဲ့အနေအထားမှာ
အသက်ရှင်ရမယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ လူပုဂ္ဂိုလ်ဘဲဖြစ်ဖြစ်
အရာဝတ္တုဘဲဖြစ်ဖြစ် ကျွန်ုပ်တို့စွဲလန်းတဲ့အရာတွေဟာ ဘယ်အရာမှ မတည်မြဲပါဘူး။
တခဏတာအတွင်းမှာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ကောင်းတဲ့အသက်တာ
ဆိုးတဲ့အသက်တာ ဆိုတာတွေလဲ မတည်မြဲပါဘူး။

အမှန်တရား၊ ချစ်ခြင်းမေတ္တာ၊ လွတ်လပ်ခြင်းနဲ့ တရားမျှတခြင်းတို့ရဲ့
တန်ဘိုးများသာလျှင် အစဉ်တည်မြဲသောအရာတွေဖြစ်ပါတယ်။

ဆုတောင်း–

အိုအဘဘုရား ကျွန်ုပ်အား သားတော်၏ခေါ်သံကို ကြားသိစေတော်မူပါ။
ကိုယ်တော်၏နောက်တော်သို့လိုက်ရန်၊ လွပ်လပ်မှုကိုပေးသနားပြီး
ကိုယ်တော်စေလွှတ်သော နေရာသို့ သွားရောက်ရန် အဆင်သင့်ဖြစ်စေတော်မူပါ လို့
ဆုတောင်းကြပါစို့။